**ဦးဇော်မျိုးဝင်း (မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် အောက်ပါကြယ်ပွင့်မပြ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**“ နင်းကြမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ ”**

နင်းကြမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ နင်းကြမ်းကျေးရွာအုပ်စု၊ နင်းကြမ်းကျေးရွာတွင်တည်ရှိပါသည်။ နင်းကြမ်း ကျေးရွာနှင့် ပတ်ဝန်းကျင် နီးစပ်ရာကျေးရွာများမှ ကျောင်းသူ/ သားများ အားကိုးအားထားပြု၍ သင်ကြားနေရသော ကျောင်းလည်းဖြစ်ပါသည်။ နင်းကြမ်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ကို ၁၉၈၁ - ၁၉၈၂ ပညာသင်နှစ်တွင် စတင် ဖွင့်လှစ်ခဲ့ရာ ယနေ့အချိန်ထိဆိုလျှင် နှစ်ပေါင်း(၃၅)နှစ်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

လက်ရှိတွင် အထက်တန်းအဆင့်ကျောင်းသားဦးရေ(၁၇၃)ဦးနှင့် ထက်၊ လယ်၊ မူ ကျောင်းသား/ သူ စုစုပေါင်းဦးရေ(၆၆၈)ဦးရှိကာ အနီးဆုံးပင်မကျောင်းနှင့်လည်း (၁၁)မိုင် ခန့် ကွာဝေးပါသည်။ သွားရေးလာရေးတွင် ချောင်းများ၊ ရိုးများကို ဖြတ်သန်းသွားလာရသည့်အတွက် ကျောင်းသား/ သူများ အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

အချုပ်တင်ပြရလျှင် နင်းကြမ်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သည် အထက်တန်းကျောင်း(ခွဲ) အဖြစ်သက်တမ်း (၃၅)နှစ်ရှိပြီဖြစ်ခြင်း၊ ယခုလက်ရှိတွင် အထက်တန်း အဆင့် ကျောင်းသားဦးရေ(၁၇၃)ဦးရှိခြင်း၊ ပင်မကျောင်းနှင့် (၁၁)မိုင်ခန့်ကွာဝေးခြင်း၊ ချောင်းများ၊ ရိုးများ ရှိနေ၍ သွားလာရန် ခက်ခဲခြင်း၊ ဒေသခံကျောင်းသား/ မိဘ/ ဆရာများ ကိုယ်တိုင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် အထူးစိတ်အားထက်သန်ခြင်း၊ ကျောင်းသုံး ပရိဘောဂ၊ စာသင်ခန်း၊ ကျောင်းဆောင်တို့ ပြည့်စုံမှုရှိခြင်း၊ ကျောင်းသား/ သူများ၏ လုံခြုံရေးနှင့် ကျန်းမာရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့( ရဲကင်း )နှင့် နင်းကြမ်းတိုက်နယ်ဆေးရုံ (၁)ခု ဖွင့်လှစ် ထားရှိပြီးဖြစ်ခြင်း၊ ပတ်ဝန်းကျင် ကျေးရွာရှိ ကျောင်းပေါင်း(၁၉)ကျောင်းက အမှီသဟဲ ပြုနေရခြင်း အစရှိသည့် အချက်များနှင့် ပြည့်စုံညီညွတ်သော ကျောင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နင်းကြမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေး ဦးစားပေး A Plan ဖြင့် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက် ပေးမည်ကို

သိရှိလိုပါသဖြင့် ပူးတွဲပါအဆိုပြုလွှာနှင့် အတူ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီး မှတဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဒေါက်တာခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်အတွင်းရှိ အထက(ခွဲ) နင်းကြမ်းသည် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် ၌ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့် လျှောက်လွှာတင်ပြလာပါ၍ တန်းစီဇယားဖြင့် တိုင်းဒေသ ကြီးပညာရေးမှူးရုံးမှ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ အဆင့်ဆင့် တင်ပြတောင်းခံခဲ့ပါ သော်လည်း အဆိုပါ အထက(ခွဲ)နင်းကြမ်းသည် အထက်တန်းဆင့်သင်ကျောင်းသား(၂၀၀)ဦး အထက် မရှိခြင်းကြောင့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့ပါ။ အထက်တန်းဆင့်သင် ကျောင်းသားဦးရေ(၂၀၀)အထက် ရှိသည့် ကျောင်းများကို ဦးစားပေးရွေးချယ်ရခြင်းဖြစ်ပါသည်။

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် လျှောက်လွှာများ ခေါ်ယူနေပြီဖြစ်၍ မြို့နယ်မှ အဆင့်ဆင့် လျှောက်ထားစေပြီး ကျောင်းအဆင့်တိုးမြှင့်ပေးပါရန် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ် ပါသည်။

**ဦးဇော်မျိုးဝင်း (မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား လှယ် ဦးဇော်မျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် အောက်ပါကြယ်ပွင့်မပြ မေးခွန်းကို မဲဆန္ဒရှင် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာ မေးမြန်း အပ်ပါသည်။

**“ မြို့သစ်မြို့နယ်၊ မြို့လုလင်ကျေးရွာ၊ မြောက်ဘက်စွန်ချောင်းရေကာတာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်မပြမေးခွန်း ”**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြို့လုလင်ကျေးရွာအုပ်စု၊ မြို့လုလင်ကျေးရွာ (မြို့မ)သည် အိမ်ခြေ(၁၅၀)ကျော်ရှိသော ကျေးရွာဖြစ်ပါသည်။ ရွာ၏မြောက်ဘက်တွင် အရှေ့မှ အနောက်သို့ စီးဆင်းနေသော စွန်ချောင်းရှိပါသည်။

ထိုချောင်းသည် ချောင်း၏တောင်ဘက်ကမ်းပါးကို ရေတိုက်စားခဲ့မှုများ ယခင်ကာလ ကပင်ရှိခဲ့ပါသည်။ ထိုအချိန်က ကမ်းပါးပြိုကျမှုကြောင့် မီးရထားလမ်း၊ ကားလမ်း၊ ဈေး၊ စာသင် ကျောင်း၊ ဘုန်းကြီးကျောင်းများသို့ ဝင်ထွက်သွားလာသည့် လမ်းကြောင်းကို မထိခိုက်သော်လည်း လမ်း၏မြောက်ဘက်ရှိ အိမ်(၅)လုံးကို ရွှေ့ပြောင်းရခြင်း၊ ဉာဏ်တော်(၆၆)တောင်ရှိ ပွင့်လှစေတီနှင့် ဉာဏ်တော်တူ ပွင့်စ ဘုရားတစ်ဆူ မျောပါသွားခြင်း၊ ထိုစေတီအနီးရှိ စေတီငယ်တစ်ဆူ မျောပါ သွားခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

ယခုနှစ်များတွင် ရေတိုက်စားသဖြင့် ကမ်းပါးများ ဆက်လက်ပြိုကျနေပြီး(၂၄.၈.၂၀၁၇) ည(၁၈၀၀)နာရီ အချိန်ခန့်တွင် အထက်ဖော်ပြပါ အရပ်များသို့ သွားသောလမ်း၏ မြောက်ဘက်ရှိ ကမ်းပါးမှာ (၉)ပေ ခန့်ထပ်မံပြိုကျသွားခဲ့ပါသည်။ လက်ကျန်ကမ်းပါးရှိ (၆)ပေခန့် နေရာ၌ အက်ကြောင်းရာကြီးနှင့် ထိုအက်ကြောင်း၏ နောက်နားတွင် ထက်ဆင့်အက်ကြောင်းငယ် တစ်ခု တို့ပါဖြစ်ပေါ်လျှက်ရှိနေပါသည်။

ထို့ကြောင့် ၎င်းလမ်းသို့ လူည်းများသွားလာရန် မဖြစ်နိုင်တော့သည့်အပြင် ထိုကမ်းပါး၏ တောင်ဘက်အနီးဆုံး အိမ်များမှာလည်း လှည်းလမ်းသာ ခြားနေပါသဖြင့် အချိန်မရွေး ကမ်းပြိုကျမည့်အန္တရာယ်မှ စိုးရိမ်နေရပါသည်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြို့လုလင်ကျေးရွာအုပ်စု၊ မြို့လုလင် ကျေးရွာ(မြို့မ)၏ မြောက်ဘက်တွင်ရှိသော စွန်ချောင်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ရေကာတာတည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပူးတွဲ ဖော်ပြပါအဆိုပြုလွှာနှင့်အတူ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးတင်နွယ်ဦး(ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** ။မြို့သစ် မြို့နယ်၊ မြို့လုလင်ကျေးရွာ စွန်ချောင်းရေတိုက်စားမှုအခြေအနေအား တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ဖြင့် ရေကာတာတည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည့် အစီအစဉ်မေးမြန်းမှုအပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ(၁၉.၁၀.၂၀၁၇)ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးချက် အရ စွန်ချောင်းရေသည် မြို့လုလင်ကျေးရွာ၏ မြောက်ဘက်တွင် အရှေ့မှ အနောက်သို့ ဦးတည် စီးဆင်းပါသည်။ မိုးရာသီရေများချိန်တွင် ချောင်းရေသည်ကျေးရွာဘက်ခြမ်းအခြေမှ ကမ်းရင်းကပ်၍ ရေဦးတိုက်စီးဆင်းသောကြောင့်(၂၀၁၅)ခုနှစ် မိုးများချိန်တွင် ဉာဏ်တော်(၆၆)တောင်ရှိ ပွင့်လှစေတီ နှင့် ဉာဏ်တော်တူ ပွင့်စစေတီ မျောပါသွားခဲ့ရပြီး ကျေးရွာရှိကမ်းပါးများ အောက်ခြေပိုင်းတိုက်စား ကာ အလျားပေ(၈၀၀)ခန့် ကမ်းပါးများပြိုကျခဲ့ပါသည်။ ကမ်းပါးပြိုကျမှုကြောင့် (၂၀၁၁)ခုနှစ်တွင် နေအိမ်(၃)လုံး၊ (၂၀၁၇)ခုနှစ်တွင် နေအိမ်(၂)လုံးစုစုပေါင်းနေအိမ်(၅)လုံးရွှေ့ပြောင်းခဲ့ပါသည်။ ကျေးရွာလမ်းနှင့် ကမ်းပါးမှာ (၈)ပေ ခန့်သာကွာဝေးကာ ဉာဏ်တော်(၆၆)တောင်ရှိ ပွင့်လင်းစေတီ တော်မှာ ကမ်းပါးနှင့် ပေ(၃၀၀)ခန့်သာ ကွာဝေးပါသည်။ ကမ်းပါးအမြင့်မှာ ပေ(၃၀)ခန့်ရှိ၍ အောက်ခြေပိုင်း ရေဦးထိုးမှုအား ကာကွယ်ရန်အတွက် အခြေထိန်းSteel Basket နှင့် ရေကာတိုများ

ချထားပေးခြင်းနှင့် ကျေးရွာကမ်းပြိုမှု ကာကွယ်နိုင်မည်ဖြစ်ပါသည်။ မြို့လုလင်ကျေးရွာ စွန်ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာများ ဆက်သွယ်ရေးလမ်းနှင့် လူနေအိမ်များ ကမ်းပါးပြိုမှုအန္တရာယ်နှင့် ရင်ဆိုင်နေရခြင်းကြောင့် မဖြစ်မနေဆောင်ရွက်ပေးသင့်သော လုပ်ငန်းဖြစ်ပါသည်။ ကမ်းပါးကာကွယ်ရေးလုပ်ငန်းအတွက် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေများတွင် ရန်ပုံငွေချထားမှုမရှိပါကြောင်းနှင့် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေထည့်သွင်းလျာထားမှုမရှိကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမြင့်အောင် (ကံမမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် အောက်ပါကြယ်ပွင့်မပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ စပယ်ခြံကျေးရွာအုပ်စု၊ စပယ်ခြံကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းသား/သူ စုစုပေါင်း (၆၄) ဦးရှိသောကျေးရွာဖြစ်ပါသည်။ အဆိုပါကျောင်းမှာ အလျား ၇၈.၅'၊ အနံ ၄၅.၅'၊ အမြင့် ၁၄' ရှိ ကျွန်းသစ်ဖြင့်ဆောက်လုပ်ထားသော ပျဉ်ခင်းပါ တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ယခုအခါတွင် အမိုးသွပ်၊ အခင်းပျဉ်အကာနံရံများမှာ ဟောင်းနွမ်းနေပြီဖြစ်ပါသည်။ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ဦးစားပေးလျှောက်ထားသော ကျောင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

သို့သော်လည်း ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ၏ဆန္ဒမှာ ကျောင်းဆောင်သစ် ( ၆၀'× ၃၀') ဆောက်ပေးပါက လက်ရှိကျောင်းကဲ့သို့ ကျယ်ဝန်းသည့်ကျောင်းမရမှာကို စိုးရိမ်ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်မှာ ဘဏ္ဍာငွေသက်သာရန် ၎င်းလက်ရှိအကျယ်အဝန်းအတိုင်း ရရှိရန်အတွက် ၎င်းယခုအဆောက်အဦအား တိုင်များကိုသံဖိနပ်ခံခြင်း၊ သွပ်အမိုးအားမိုးခြင်း၊ အကာများပြင်ဆင်ခြင်း၊ အခင်းမှာ ဆင့်များကောင်းမွန်ပြီးအခင်းပျဉ်သာ လဲပေးရန် ဆန္ဒရှိကြပါသည်။

သို့ပါ၍ ကံမမြို့နယ်၊ စပယ်ခြံကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မည့်သို့ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်။

**ဒေါက်တာခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )**။ ။ မကွေးတိုင်းဒေသကြီး၊ စပယ်ခြံကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးနိုင်ပါရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မှ မေးမြန်းလာမှုနှင့် ပတ်သက်၍ စာသင်ကျောင်းဆောင်အနေအထားသည် အကြီးစားပြင်ဆင်ပါက အသစ်ဆောက်လုပ်မည့် ရန်ပုံငွေနီးပါးကုန်ကျမည်ဖြစ်ပါ၍ နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်မှ မြို့နယ်ဦးစားပေးအစီအစဉ်မှ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမြင့်အောင် (ကံမမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)**။ ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် အောက်ပါကြယ်ပွင့်မပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မြဝတီကျေးရွာအုပ်စု မြဝတီကျေးရွာနှင့် ကံမ- ပြည်-ရန်ကုန်လမ်းပေါ်ရှိ သစ်မယ်ဇီကျေးရွာသို့ ဆက်သွယ်ထားသော အရှည်(၃)မိုင်၊ (၄)ဖာလုံရှိ မြေသားလမ်းမှာ ထိုဒေသရှိ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့အတွက် အဓိကအားထားရသော လမ်းဖြစ်ပါသည်။ သို့သော်လည်း ထိုလမ်းမှာ နွေရာသီတွင်အသုံးပြု၍ ကောင်းမွန်ပြီး မိုးတွင်းကာလများတွင် သွားလာရန်မရခြင်း၊ တံတားတခုပြုလုပ်ရန်လိုအပ်ခြင်းစသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ မြဝတီ-သစ်မယ်ဇီမြေသားလမ်းအား တံတားတစ်စင်းအပါအဝင် ကျောက်ချောလမ်းအဖြစ် လာမည့် ၂၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/ မရှိနှင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ပါမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တဆင့်လေးစားစွာမေးမြန်းအပ်ပါသည်။

**ဦးတင်နွယ်ဦး(ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)**။ ။မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်အတွင်းရှိ မြဝတီကျေးရွာအုပ်စု၊ မြဝတီကျေးရွာနှင့် ကံမ-ပြည်-ရန်ကုန်လမ်းပေါ်ရှိ သစ်မယ်ဇီကျေးရွာသို့ ဆက်သွယ်ထားသော အရှည် (၃/၄)မိုင်ရှိ မြေသားလမ်းမှာ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သောလမ်းဖြစ်ပါသည်။ ၎င်းလမ်းပေါ်တွင်(၆၀)ပေ အရှည်တံတားတစ်စင်း (၁၅)ပေအရှည် တံတားတစ်စင်း စုစုပေါင်းတံတား(၂)စင်းတည်ဆောက်ပေးရန်လိုအပ်ပြီး (၆၀)ပေ

အရှည် ကျောက်ပွက်ချောင်းကူးတံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ် အကူအညီဖြင့် ဆောင်ရွက်ရန်ချထားခဲ့သော်လည်း ဆောင်ရွက်နိုင်မှုမရှိခဲ့ပါ။

မြေသားလမ်း(၃/၄)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၆၈၈.၃၉၁)သန်း၊ (၆၀)ပေ အရှည်တံတားတစ်စင်း၊(၁၅)ပေ အရှည်တံတားတစ်စင်း စုစုပေါင်းတံတား(၂)စင်းအား ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက်ခန့်မှန်းကုန်ကျငွေကျပ်(၁၀၈.၇၅)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ်(၇၉၇.၁၄၁)သန်း ကုန်ကျမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများအား နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားပေးသွားမည်ဖြစ်ပါသည်။ ၎င်းလမ်းအား ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ(၃)ရွာ၊ လူဦးရေ(၁၅၀၃)ဦးတို့အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမြင့်အောင် (ကံမမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် အောက်ပါကြယ်ပွင့်မပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ စစ္စရံကျေးရွာအုပ်စု၊ စစ္စရံကျေးရွာ အထက်တန်းကျောင်း(ခွဲ) သည် ယခုအချိန်ထိ ခြံစည်းရိုးကာရန်ခြင်းမရှိသေးသည့် ကျောင်းဖြစ်ပါသည်။

စစ္စရံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျောင်းခြံစည်းရိုးကာရန်အ တွက် လိုအပ်သောအတိုင်းအတာပမာဏမှာ-

| | | |
|---|---|---|
| (၁) | အရှေ့ဘက်ခြံစည်းရိုးအရှည် | (၂၇၄) ပေ |
| (၂) | မြောက်ဘက်ခြံစည်းရိုးအရှည် | (၄၇၂) ပေ |
| (၃) | အနောက်ဘက်ခြံစည်းရိုးအရှည် | (၃၁၂) ပေ |
| (၄) | တောင်ဘက်ခြံစည်းရိုးအရှည် | (၄၆၄) ပေ |
| | စုစုပေါင်းခြံစည်းရိုးအရှည် | (၁၅၃၁) ပေရှိပါသည်။ |

သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အမီ စစ္စရံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကို ခြံစည်းရိုးကာရံပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည့်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဒေါက်တာခင်မောင်အေး( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးပညာရေးမှူး

ရုံး၏ (၂၂.၆.၂၀၁၇)ရက်စွဲပါစာအမှတ် ၊ စိတ် (၁-ခ) / ၀၁၈၃၀ / သာမန် (ခွဲဝေ) / (၁၇-၁၈) အရ (၀၄၀၉)သာမန်အသုံးစရိတ် ခွင့်ပြုရန်ပုံငွေကျပ် (၈၂)သိန်း ခွဲဝေရရှိခဲ့ပါ၍ ၎င်းခွင့်ပြုငွေ (၈၂)သိန်းအား ရေလုပ်ငန်း၊ သန့်စင်ခန်း၊ ခြံစည်းရိုးနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျှက်ရှိသောမြို့နယ်အတွင်း အခြေခံကျောင်းများအတွက် ကျခံသုံးစွဲရန် ညွှန်ကြားခဲ့ပါသည်။

ထို့ကြောင့် ခွင့်ပြုငွေ (၈၂)သိန်းအား ခွဲဝေရာတွင် (၂)ခန်းတွဲရေလောင်းအိမ်သာ ဆောက်လုပ်ရန် မြို့နယ်ပညာရေးမှူးရုံး (၁)လုံး ၊ အထက-ကံမ (၁)လုံး ၊ အမက- ဝဲကြီး (၁)လုံး၊ အမက-ကျောက်ပြုတ်(မ) (၁)လုံး ၊ စုစုပေါင်း(၄)လုံးနှင့် အမက-ဖရုံလှအတွက် ခြံစည်းရိုး(၂၄၀)ပေ ကာရံရန် လျာထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ (၀၄၀၉)သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ထပ်မံခွဲဝေချထားပေးပါက လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့နှင့် ညှိနှိုင်း၍ အထက(ခွဲ)စစ္စရံကျောင်း၏ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား နောင်လာမည့် ဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဒေါ်အေးယုမော်(သရက်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။

ကျွန်မကတော့ သရက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော် ဖြစ်ပါတယ်ရှင့် ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်-

အကြောင်းအရာ။ ။ **သရက်မြို့နယ် ၊ ပျဉ်းအိုင်အုပ်စု၊ ဆင်ကော်အုပ်စု၊ နှစ်အုပ်စု ဖြတ်သန်းသွားလာရာဖြစ်သော ရေကျော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။**

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပျဉ်းအိုင်အုပ်စုမှ အိမ်ခြေ(၂၆၄) အိမ်၊ လူဦးရေ (၁၁၅၂) ဦး၊ ဆင်ကော်အုပ်စုမှ အိမ်ခြေ (၅၅၅) အိမ်၊ လူဦးရေ (၂၆၇၈) ဦးတို့ ဖြတ်သန်း သွားလာနေရသော အောက်မမြင့်ရွာ ရေကျော်တစ်ခုဖြစ်ပါတယ်ရှင့်။

၎င်းရေကျော်သည် ၂၀၁၄ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ရန်ပုံငွေ (သိန်းတစ်ထောင်) မှ (၃၅) သိန်းဖြင့် ပြုလုပ်ခဲ့သော ရေကျော်တစ်ခုဖြစ်ပါတယ်ရှင့်။ ၂၀၁၅ ခုနှစ်တွင် ကျိုးပဲ့ပျက်စီးသွားခဲ့သောကြောင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အောက်မနိမ့်ရွာ၊ အောက်မမြင့်

ရွာ ရေကျော်ပေ (၁၇၀) ကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တိုင်းအစိုးရအဖွဲ့အားမေးမြန်းအပ်ခြင်း ဖြစ်ပါတယ်ရှင့် ။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဦးတင်နွယ်ဦး(ဝန်ကြီး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** ။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်အတွင်းရှိ ပျဉ်းအိုင်အုပ်စုနှင့် ဆင်ကော်အုပ်စု(၂)အုပ်စု ဖြတ်သန်းသွားလာရသော ရေကျော်သည် ပျဉ်းအိုင်- ဆက်လည်- ကန်ဇွန်းမြောင် အောက်မမြင့်- အောက်မနိမ့်- ဆင်ကော်-မြို့လှ မြေသားလမ်းအရှည်(၁၂/၆)မိုင်လမ်းပေါ်ရှိ အောက်မနိမ့်ရွာအနီးတွင် တည်ရှိပါသည်။ (၁၅၀'×၁၈')ကွန်ကရစ်ရေကျော်ဆောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၄၃.၀၀)သန်း ကုန်ကျမည်ဖြစ်ပြီး အဆိုပါရေကျော်အား ကျေးလက်လမ်းဖွံ့ဖြိုးဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားတင်ပြထားပြီးဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ အဆိုပါရေကျော်ဆောင်ရွက်ပေးမည်ဆိုပါက ပျဉ်းအိုင်အုပ်စုမှ အိမ်ခြေ(၂၆၄)အိမ်၊ လူဦးရေ(၁၁၅၂)ဦး၊ ဆင်ကော်အုပ်စုမှ အိမ်ခြေ(၅၅၅)အိမ်၊ လူဦးရေ(၂၆၇၈)ဦးတို့အတွက် အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း (ချောက်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။

ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းဖြစ်ပါတယ်ရှင်။

ကျွန်မအနေနဲ့ ချောက်မြို့နယ်၊ ငွေးပင်ကျေးလက်ကျန်းမာရေးဌာနကို ငွေးပင်တိုက်နယ်ဆေးရုံးအဖြစ် အဆင့်တိုးမြှင့် ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။

ငွေးပင်တိုက်နယ်မှ ကျေးလက်ကျန်းမာရေးဌာနသည် တိုက်နယ်ဆေးရုံအဖြစ် လွန်ခဲ့သောနှစ်များကတည်းက အဆင့်တိုးမြှင့်ပေးသင့်သော ကျန်းမာရေးဌာနဖြစ်ပါတယ်ရှင်။ ငွေးပင်တိုက်နယ်သည် ကျေးရွာပေါင်း(၆၃)ရွာ၊ လူဦးရေ(၄၀၆၆၀)ဦး ရှိပါတယ်။ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးခဲ့ပါလျှင် ငွေးပင်တိုက်နယ်အနီး ဝန်းကျင်ရှိ ရေနံချောင်းမြို့နယ်မှ (၁၈)ရွာ၊ လူဦးရေ(၁၇၆၀၄)ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ(၁၉)ရွာ၊ လူဦးရေ(၁၈၁၀၀)ဦးရှိပြီး စုစုပေါင်း ကျေးရွာပေါင်း(၁၀၀)နှင့် လူဦးရေ(၇၆၃၆၄)ဦး မှီခိုအားထားနိုင်သော တိုက်နယ်ဆေးရုံကြီးဖြစ်လာမည် ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

ငွေးပင်တိုက်နယ်သည် ချောက်၊ ရေနံချောင်း၊ မကွေး လမ်းမကြီးပေါ်တွင် တည်ရှိပြီး အထက်တန်းကျောင်းနှင့် ပြည်သူ့ရဲစခန်းရှိပါသည်။ ချောက်မြို့နယ်ဆေးရုံနှင့် (၂၇)မိုင်၊ ဆူးတောတိုက်နယ်ဆေးရုံနှင့်(၁၆)မိုင်၊ လင်းတကိုင်းတိုက်နယ်ဆေးရုံနှင့်(၁၂)မိုင်၊ ရေနံချောင်းမြို့နယ်ဆေးရုံနှင့်(၁၇)မိုင် ကွာဝေးပါတယ်ရှင်။

တိုက်နယ်ဆေးရုံမြေနေရာအတွက် ဝယ်ယူထားသော စာချုပ်၊ တည်နေရာမြေပုံကြမ်း၊ လိုအပ်သော ထောက်ခံချက်အားလုံးနှင့်အတူ ငွေးပင်တိုက်နယ်ဆေးရုံ လျှောက်ထားလွှာကို ဝန်ကြီးချုပ်နှင့်တကွ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး၊ မကွေးတိုင်းကုသရေး ဦးစီးဌာနမှူးထံသို့ ပေးပို့လျှောက်ထားပြီးဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် ငွေးပင်တိုက်နယ်နှင့် အနီးဝန်းကျင်ဒေသအတွင်း ကျေးလက်ပြည်သူလူထုအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုအား အမှန်တကယ် အရေးတကြီး လိုအပ်နေပါသောကြောင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ချောက်မြို့နယ် ငွေးပင်ကျေးလက်ကျန်းမာရေးဌာနကို ငွေးပင်တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် ဝန်ကြီးချုပ်နှင့်တကွ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။

**ဒေါက်တာခင်မောင်အေး ( ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန )။** ။ မကွေးတိုင်းဒေသကြီးအတွင်း ဆေးရုံများ အဆင့်မြှင့်တင်ခြင်း ၊ တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်တင်ပြဆောင်ရွက်ပေးလျှက်ရှိပါသည်။

ယခုတင်ပြသည့် ချောက်မြို့နယ် ၊ ငွေးပင်ကျေးရွာတွင် (၁၆)ကုတင်ဆံ့ စံကိုက်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ (၂၀.၉.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၀၂၅၀ / မကတ / ၁ (က) / ငွေးပင် / ၂၀၁၇ ဖြင့် ကုသရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်သို့ ထောက်ခံတင်ပြဆောင်ရွက် ထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်မြင့် (ဆောမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ၊ ကျွန်တော်မေးမြန်းသွားမှာကတော့ ဆောမြို့နယ်၊ ကျောက်ထုမြို့ရှိ တိုက်နယ်ဆေးရုံဝိုင်း ယာမြေ(၇)ဧကမှ (၃.၉၀)ဧကကို ဆေးရုံအသစ်ဆောက်လုပ်မှုအတွက် မြေပိုင်ရှင်အား နစ်နာကြေး လျော်ကြေးတောင်းဆိုမှုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဆောမြို့နယ်၊ ကျောက်ထုမြို့တွင် ၁၉၅၀ ခုနှစ်မှာ လေယာဉ်ကွင်းကို တည်ဆောက်ပြီး ပြေးဆွဲနေစဉ် တိုက်နယ်ဆေးရုံအဖြစ် ၁၉၅၃-၁၉၅၄ ခုနှစ်မှာ စတင်၍ ဖွင့်လှစ်ခဲ့ပါသည်။ ထိုဆေးရုံဝိုင်းမြေနေရာမှာ လေယာဉ်ကွင်းနှင့် တစ်ဆက်တစ်ဆပ်တည်း ဖြစ်နေ၍ နှလုံးရောဂါ၊ စိတ်ဝေဒနာ၊ မွေးလူနာများ လေယာဉ်သံကြောင့် များစွာ စိတ်ထိခိုက်ခြင်း ကြုံနေရပြီး ၎င်းမြေကွက်မှာ ကျဉ်းမြောင်းလှသဖြင့် ၁၉၉၅ ခုနှစ်၊ မြို့နယ် မ.ဝ.တ မှ ကျောက်ထု ရ.ဝ.တ ထံသို့ မြေဧက(၅၀)ဧကရှာဖွေတင်ပြရန် ရ.ဝ.တ စာရေးဟောင်း ဦးတင်ထွန်းထံ ပြောခဲ့ကြောင်း သိရပါသည်။ ရ.ဝ.တ ဥက္ကဋ္ဌ ဦးကိုကိုမင်း လက်ထက်တွင် မြို့နယ် စီမံချက်ဖြင့် ဦးလှမောင်၏ ယာမြေကွက်ကို ဆေးရုံဝိုင်းအဖြစ် သိမ်းဆည်းကြောင်းသိရပါသည်။ ဆေးရုံအသစ် ကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရှာ ၎င်းမြေကွက်သည် ဦးလှမောင်၏ မြေကွက် (၃.၉)ဧကခွဲ ဦးလိန်းထန်း မှ (၄၅)တောင် ပတ်လည် ဝိုင်းမြေ(၂)ကွက် (၀.၂၀)ဧက၊ ဦးနော်တင် မှ(၄၅)တောင် ပတ်လည် ဝိုင်းမြေ(၂)ကွက် (၀.၂၀)ဧကနှင့် ဒေါ်မာရောင် မှ (၄၅) တောင် ပတ်လည်(၁)ကွက် (၀.၁၀)ဧကတို့ ပါဝင်ကြောင်း သိရှိရပါသည်။ သိမ်းဆည်းခံရသော ဦးနော်တင်မှာ ရဲတပ်ကြပ်ကြီးဖြစ်ပြီး ယခုထိ ဝိုင်းမြေမရရှိကြောင်းဝယ်ယူစာချုပ်နှင့် တကွ တင်ပြပြောဆိုပါသည်။ အခြားသူတို့မှာလည်း အစိုးရထံတင်ပြတောင်းဆိုကြောင်းလည်း သိရှိရပါသည်။ ယာခင်းပိုင်ရှင် ဦးလှမောင် နှင့် ဇနီး ဒေါ်စောမြတို့မှာ ယခုလေဖြတ်ရောဂါဝေဒနာ ခံစားနေရ၍ ဆေးကုသရန် ခက်ခဲနေသောကြောင့် (၆.၁.၂၀၁၇) ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် တကွ ကျန်းမာရေးဝန်ကြီးဌာနထံ အသနားခံစာတင်ပို့ကြောင်း မိတ္တူစာအရ သိရှိခဲ့ပါသည်။ ယခုအချိန်တွင် နစ်နာကြေးလျော်ကြေး ရယူလိုကြောင်း မကြာခဏ ပြောလာသဖြင့် စိတ်မချမ်းမြေ့ဖွယ် ကြုံတွေ့နေရပါသည်။ သိမ်းယူခဲ့စဉ် ကာလမှာနစ်နာကြေးလျော်ကြေးမပေးသည့်အပြင် တင်ပြတောင်းဆိုရန် ပြောဆိုခွင့်လုံးဝမရကြောင်း သိရပါသည်။ ၎င်းဝိုင်းမြေထဲတွင် ဆောက်လုပ်ပြီးသော အိမ်များအတွက် ပြန်လည်မြေကွက်ချထား ပြီးကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဆေးရုံသစ်မြေနေရာ (၃.၉၀) ဧကအတွက် အခြားသူများနည်းတူ နစ်နာကြေး လျော်ကြေးကို ပေးသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ထို့ကြောင့် နစ်နာနေသော မြေပိုင်ရှင်တို့အား နစ်နာကြေးလျော်ကြေးတို့ကို မည်သည့်အချိန်တွင် ပေးမည်/ မပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းအပ်ပါသည် ခင်ဗျား။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဆောမြို့နယ်၊ ကျောက်ထုမြို့ တိုက်နယ်ဆေးရုံသည် ကျောက်ထုမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၈၈) ကျောက်ထုရွာမကွင်း၊ မြေကွက်အမှတ်(၂၃၊၂၄) ဧရိယာအားဖြင့် (၃.၉၁)ဧကမြေနေရာတွင် တည်ရှိပါ

ကြောင်း၊ အဆိုပါမြေကေသည် တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ (၁၉၇၄-၁၉၇၅) ခုနှစ်ခန့်က မြေစာရင်းပုံစံမှတ်တမ်းအရ မြေလွတ်မြေလပ်အဖြစ် တည်ရှိသည့် မြေဖြစ်ပါကြောင်း ကျောက်ထုမြို့လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ စိစစ်တင်ပြထားပါသည်။

ဖော်ပြပါမြေသည် ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ် (၈၈)၊ မြေကွက်အမှတ်(၂၃၊၂၄)၊ မြေလွတ်မြေလပ်ဧရိယာ(၃.၉၁)ဧကဖြစ်ပြီး မူလကျောက်ထုကျေးရွာ အဖြစ်ရှိစဉ်က (၁၉၇၄-၁၉၇၅)ခုနှစ် မူလတိုင်း မြေပုံနှင့် စာရင်းမှတ်တမ်းများအရ မြေလွတ်မြေလပ် ဖြစ်ပါသည်။ ၎င်းမြေနေရာတွင် လွန်ခဲ့သော(၂၂)နှစ် (၁၉၉၅)ခုနှစ်က ကျောက်ထုတိုက်နယ်ဆေးရုံ အဖြစ် ဖွင့်လှစ်အသုံးပြုထားရှိကြောင်း သိရှိရပါသည်။

ကျောက်ကျေးရွာအား ပြည်ထဲရေးဝန်ကြီးဌာန၏ (၆.၅.၂၀၀၄)ရက်စွဲပါစာအမှတ်၊ ၁၀၀/ ၂၂-၃၆၆/ ဦး(၁)ဖြင့် ကျောက်ထုမြို့အဖြစ် ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

ကျောက်ထုမြို့အဖြစ် မသတ်မှတ်မီက အထက်ဖော်ပြပါ မြေလွတ်မြေလပ်(၃.၉၁)ဧကကို ဦးလှမောင်က လုပ်ကိုင်ခဲ့သည် ဖော်ပြထားသော်လည်း ဌာနရှိစာရင်းမှတ်တမ်းတွင် ၎င်း၏လုပ်ကိုင် မှုကို မှတ်သားထားခြင်းမရှိကြောင်း၊ ဦးလှမောင်သည် ၎င်းလုပ်ကိုင်သည့်မြေကို ဦးလိန်းထန်း၊ ဦးထန်းသစ်၏ဇနီးဒေါ်မာရောင်၊ ဒေါ်ကီးလီး၊ ဦးသန်းအောင်၊ ဦးထန်းတမ်းတို့ကတစ်ဆင့် ရောင်းချ ခဲ့ကြောင်းသိရှိရပါသည်။

၁၉၉၅ ခုနှစ်၊ တိုက်နယ်ဆေးရုံတည်ဆောက်ရာတွင် လက်ရှိမြေနေရာ၌ ဒေါ်ကီးလီ၊ ဦးသန်းအောင်နှင့် ဒေါ်သောင်းကြည်(ဦးထန်းတမ်း၏ဇနီး)တို့သည် လက်ရှိလုပ်ကိုင်သူများဖြစ်သော ကြောင့် အဆိုပါကာလက ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ(ရဝတ) ဦးကိုကိုမင်း က၎င်းတို့၏ နစ်နာမှုအတွက် မြေအစားပြန်လည်ထုတ်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်တွင် ဖော်ပြပါရှိသည့် ဦးနောင်တင်နှင့် ပတ်သတ်ပြီး ကျောက်ထုမြို့တွင် မရှိကြောင်းနှင့် ၎င်းဝယ်ယူခဲ့သော အထောက်အထားများလည်း မရှိကြောင်း စိစစ်သိရှိရပါသည်။

လက်ရှိမြေပြင်အခြေအနေတွင် ဖော်ပြနေရာ၌ တိုက်နယ်အဆောက်အဦ(၁)လုံး၊ ဝန်ထမ်း နေအိမ်အဖြစ် လုံးချင်းအိမ်(၂)လုံး၊ (၄)ခန်းတွဲ(၃)ထပ် အဆောက်အဦ(၁)လုံး ဆောက်လုပ်အသုံးပြု ထားကြောင်း စိစစ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ကြယ်ပွင့်မပြမေးခွန်းတွင်ပါရှိသည့် ဖော်ပြပါ ကျောက်ထုမြို့၊ တိုက်နယ်ဆေးရုံတည်ဆောက်ရာတွင် အသုံးပြုထားရှိသည့် ယခင် မြေလွတ်မြေလပ် ဧရိယာ(၃.၉၁)ဧကနှင့် ပတ်သတ်ပြီး ကာယကံရှင်များအနေဖြင့် နစ်နာသည်ဟုယူဆပါက သက်ဆိုင်

ရာကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်မြင့် (ဆောမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်မေးမြန်းသွားမှာကတော့ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်/ မွေး/ ဆည် ဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ အကြောင်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသရှိ ကျေးလက်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနများမှ ပြုလုပ်သော မိအယ်ကျေးရွာအဝင် ကျောက်ချောလမ်းမှာ (၂၅၆.၄၂)သိန်း၊ ဆီမီး- ပိန်းချောင်း- လောင်းရှည် လမ်းအရှည်(၂)မိုင် (၁၆၀၀)သိန်းနှင့် ပေ(၈၀၀)ရေကျော်(၁၁၀၀)သိန်း၊ မင်းလည်တောမြောင်း(၄၉၅) သိန်း၊ မိအယ်ကျေးရွာ ရေခေါင်း(၇၈၀)သိန်းနှင့် သန်းဦးတမံရေတံခါး လုပ်ငန်းတို့ကို လုပ်ကိုင်ခဲ့ပါသည်။ ၎င်းလုပ်ငန်းတို့ကို အစိုးရမှချပေးရန် လွှတ်တော်ကိုယ်စားလှယ်များမှ နည်းမျိုးစုံဖြင့် ပြည်သူ့ကိုယ်စား တောင်းဆိုခဲ့ကြရပါသည်။ ကျေးလက်ဦးစီးဌာနမှ လမ်းတို့ကို ကန်ထရိုက်ပေးခြင်း မရှိဘဲ၊ မိမိတို့ကိုယ်တိုင် စီမံပြုလုပ်ခဲ့ကြသဖြင့် မိအယ်ကျေးရွာ အဝင်လမ်းတွင် ကျောက်အပေါ်သို့ သဲမလောင်းဘဲ မြေသားများ(၈)လက်မခန့်လောင်းသဖြင့် မိုးရွာချသော အချိန်မှ ယခုအချိန်အထိ သွားလာ၍ အဆင်မပြေသည်ကို ဝန်ကြီးချုပ်နှင့် တိုင်းအစိုးရများထံ တင်ပြတိုင်ကြားသော်လည်း လာရောက်စစ်ဆေးခြင်းမရှိခဲ့ပေ။ မိမိ၏လက်အောက်ဌာနဆိုင်ရာ အကြီးအကဲများသာ လာရောက်စစ်ဆေးကြသဖြင့် ဌာနဆိုင်ရာအချင်းချင်း၊ ဝန်ထမ်းအချင်းချင်း နားလည်မှုများရှိနေ၍ ပြည်သူတို့မှာ မကျေနပ်မှုတွေ ကြုံတွေ့နေရပါသည်။ ၎င်းလမ်းများကို စတင်ပြုလုပ်ချိန်နှင့် ပြီးဆုံးချိန်တို့တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များကို အသိလုံးဝမပေးခဲ့ခြင်းကို ကြုံတွေ့နေရပါသည်။ ထိုနည်းတူ ဆည်မြောင်းဦးစီးဌာနမှာလည်း မိအယ်ကျေးရွာ ရေသွင်းမြောင်း သိန်း(၇၈၀)ရေခေါင်းပြုလုပ်စဉ် စိုက်/ မွေး/ ဆည် ဝန်ကြီးထံ စံချိန်မမှီ၍ ဓါတ်ပုံနှင့် တကွ တင်ပြသော်လည်း ထူးခြားမှုမရှိ မစစ်ဆေး ခဲ့ပါ။ ဝန်ကြီးလာမည့်နေ့မှ ဆိုင်းဘုတ်ထောင်ခြင်းပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းလုပ်ရာတွင် အင်ဂျင်နီယာတစ်ဦးမှ မပါဝင်ခြင်း၊ ကျွမ်းကျင်လုပ်သားကို တစ်ရက်စရိတ်ငြိမ်း(၇၀၀၀)ကျပ်နှုန်းဖြင့် ငှားရမ်းခြင်း၊ နေ့စားအလုပ်သမားများကို ခင်ရာသူတို့ကိုသာခေါ်၍ တစ်ရက်(၅၀၀၀)ကျပ်နှုန်းဖြင့် ပေးပြီးခိုင်းစေကြောင်း မေးမြန်းကြည့်ရာသိရှိရပါသည်။ ဒေသခံများမှာ အလုပ်အကိုင်မရရှိကြဘဲ ကြီးကြပ်မှုအားနည်းခြင်း ကြုံနေရပါသည်။ လုပ်ငန်းပြီးဆုံးချိန်မှ လွှတ်တော်ကိုယ်စားလှယ်ထံ ပြီးဆုံးကြောင်း လုပ်ငန်းအပ်ကြောင်း လက်မှတ်ရေးထိုးခြင်းမရှိခဲ့ပါ။ အစိုးရမှချပေးသော ငွေကြေးများကို အခြားဌာနလုပ်ငန်းများကဲ့သို့ စတင်ချိန် စရံပေးထက်ဝက်ပေးထားပါသလား၊

တစ်ခါတည်း အပြတ်ပေးချေထားပါသလား၊ လုပ်ငန်းပြီးမှ အကုန်ပေးချေခြင်းဖြစ်ပါသလား လုံးဝ မသိရှိရပါ။ ပြုလုပ်သည့်လုပ်ငန်းမကောင်း၍ ပြည်သူများမကျေနပ်ကာ တိုင်ကြားသော်လည်း လုပ်ငန်းရှင်များကို တာဝန်သိသိ အရေးယူခြင်း၊ သတိပေးခြင်း၊ လာရောက်စစ်ဆေးခြင်း အထူး အားနည်းနေပါသဖြင့် လုပ်ငန်းများချမှတ်ဆောင်ရွက်ရာတွင် တင်ဒါစနစ်နှင့် ကောင်းမွန်သော ကုမ္ပဏီများကို ချပေးခိုင်းစေမှသာ လုပ်ငန်းကောင်းမွန်ထိရောက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းလုပ်ငန်းများကို အခြားဌာနများကဲ့သို့ ကောင်းမွန်သော၊ နာမည်မပျက်သော ကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် ချပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးတဆင့် မေးမြန်းအပ် ပါသည်ခင်ဗျား။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ မိအယ် ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ မွမ်းမံရန်ပုံငွေဖြင့် ဌာန၏အင်ဂျင်နီယာစုဖွဲ့၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြု ချက် တောင်းခံဆောင်ရွက်ခဲ့ပါသည်။ ဌာနအတွင်းရှိ အင်ဂျင်နီယာများ၊ အင်ဂျင်နီယာငယ်များအား တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ငန်းကျွမ်းကျင်မှုရရှိလာစေရန်အတွက် ဝေးလံခေါင်ဖျား ဒေသများရှိ အင်ဂျင်နီယာများအား လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်စေခြင်းဖြစ်ပါသည်။ လုပ်ငန်း ဆောင်ရွက်သူမှာလည်း ဆောမြို့နယ်၊ ကျောက်ထုမြို့တွင် နေထိုင်သည့် ဒေသခံအင်ဂျင်နီယာဖြစ်ပါ သည်။

မိအယ်ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လမ်းခင်းရန် အတွက် အမာခံခွဲကျောက်ရရှိနိုင်သော်လည်း အပွန်းခံလွှာနှင့် ခင်းကျောက်များ ပြုတ်မထွက်စေရန် အတွက် စေးကပ်မှုရှိသည့် ဂျင်းမြေမရရှိပါသဖြင့် ဂျင်းမြေအစား ဒေသထွက်မြေနှင့် ချောင်းသဲ ရောစပ်၍ ဆောင်ရွက်ခဲ့ရသောကြောင့် အသုံးပြုမြေမှာ မိုးရေထိသည့်အခါ အစေးပေါက်၍ မိုးရာသီ တွင် လမ်းချော်မှုဖြစ်ပေါ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မိအယ်ကျေးရွာအဝင်ကျောက်ချောလမ်းတာဝန်ယူဆောင်ရွက်သည့် အင်ဂျင်နီယာ မှာ ဒေသခံပစ္စည်း မှားယွင်းသုံးစွဲမှုရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ဦးစီးဌာနအနေဖြင့် အဆိုပါလမ်း အား ပြန်လည်ပြုပြင်စေခဲ့ပြီး တာဝန်ပေါ့လျော့မှုအတွက် အရေးယူနိုင်ရေးတင်ပြခဲ့ရာ ဦးစီးဌာနမှ သက်ဆိုင်ရာ အင်ဂျင်နီယာအား လုပ်ငန်းဆောင်ရွက်မှုအားနည်းခြင်း၊ ဒေသခံဖြစ်သော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှု အားနည်းခြင်းများ စိစစ်တွေ့ရှိရသဖြင့် စာဖြင့် အပြစ်ဖော်ပြ သတိ ပေးခဲ့ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း တည်ဆောက်ရေးလုပ်ငန်းခွင်များတွင် တာဝန်

ပေးအပ်ခြင်းမပြုဘဲ ရုံး၌သာနလုပ်ငန်းများတွင်သာ တာဝန်ပေးဆောင်ရွက်သွားရန် သတိပေးခဲ့ပါသည်။

လုပ်ငန်းအတွက် ငွေကြေးထုတ်ယူပေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့် အညီ လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ၏ အဆင့်ဆင့် စိစစ်ချက်အရ (၄)ရစ်ခွဲ၍ ထုတ်ယူစေခြင်း ဖြစ်ပါသည်။

ယခုအချိန်တွင် မိုးရွာသွန်းမှုများပြားသဖြင့် ပြုပြင်ပြီးလမ်းမှာ အချို့နေရာများတွင် မြေအစေးပေါက်၍ လမ်းချော်ခြင်း ပြန်လည်ဖြစ်ပေါ်လျှက်ရှိပါသဖြင့် လုပ်ငန်းဆောင်ရွက်သူ အင်ဂျင်နီယာအား ပြန်လည်ပြုပြင်ရန် ညွှန်ကြားပြီးဖြစ်ပါကြောင်း အဆိုပါအင်ဂျင်နီယာအား အရေးယူ အဆင့်ဆင့် အထောက်အထားများနှင့်အတူ ဖြေကြားအပ်ပါသည်။